BURMESE

DEKALB COUNTY SCHOOL DISTRICT
CURRICULUM & INSTRUCTION

# 2025 နွေရာသီ သင်ယူလေ့လာမှု အစီအစဉ်များ

ပညာရေးဆိုင်ရာ အရာရှိချုပ် - Ms. Stacy E. Stepney

ပညာရေးဆိုင်ရာ လက်ထောက် အရာရှိချုပ် – Dr. Sean R. Tartt

DEKALB COUNTY SCHOOL DISTRICT
CURRICULUM & INSTRUCTION

**စာရင်းသွင်းအပ်နှံမှု ရက်စွဲများ** - မတ်လ 18 ရက်၊ 2025 – ဧပြီလ 22 ရက်၊ 2025

**နွေရာသီ သင်ယူလေ့လာမှု ဝက်ဘ်ဆိုဒ်** - https://www.dekalbschoolsga.org/summer-school/

| နွေရာသီ အစီအစဉ် | အစီအစဉ် သတင်းအချက်အလက်များ | စာရင်းသွင်းအပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ |
|---|---|---|
| **Scholars Academy**<br>**ပရိသတ်** - 3-8 အတန်းအတွက်<br>**အစီအစဉ် ရက်စွဲများ** - ဇွန်လ 4-18 ရက်<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်** - Stephanie Brown-Bryant ၊ Penny Mosley နှင့် Rose Prejean-Harris | သချာနှင့် စာဖတ်စွမ်းရည် နယ်ပယ်ဧရိယာများနှင့်ပတ်သက်၍ ဂရိတ် 3 တန်းမှ 8 တန်းအထိ တက်ရောက်ထားသူ ကျောင်းသားများအတွက် ဆက်လက် ပညာသင်ယူလေ့လာနိုင်ဖို့ဂှာ ဒီဇိုင်းရေးဆွဲထားသည်။ အခြေခံကျသော ကျွမ်းကျင်မှုများကို အာရုံစိုက်သည့်အပြင် ကျောင်းသားများသည် ကမ္ဘာ့ဘာသာစကား၊ သိပ္ပံ၊ ကာယပညာ၊ ပထဝီဝင်၊ ဂီတနှင့် အနုပညာစသည့် နယ်ပယ်အသီးသီးတွင် စူးစမ်းလေ့လာမှု အတွေ့အကြုံများကို ရရှိမည်ဖြစ်သည်။ | ဒေသခံစာသင်ကျောင်းတွင်<br><br>မတ်လ 25 ရက် – ဧပြီလ 18 ရက် |
| **AP Bridge Camp (AP ပေါင်းကူးတံတားစခန်း)**<br>**ပရိသတ်** ဂရိတ် 9တန်း – 12တန်း တက်ရောက်မည့်သူများ<br>**အစီအစဉ် ရက်စွဲများ** ဇွန် 23 ရက် – ဇွန် 26 ရက်<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်** - Martha Donovan | AP Bridge Camp (ပေါင်းကူးတံတား စခန်း) သည် ဂရိတ် 9တန်း -12တန်း တက်ရောက်မည့် ကျောင်းသားများအတွက် AP ၊ IB နှင့်/သို့မဟုတ် နှစ်နေရာ စာရင်းသွင်းအပ်နှံမှု အစရှိသည်တို့အပါအဝင် အထက်တန်းကျောင်းရှိ အဆင့်မြင့် ပညာရေး ရွေးချယ်စရာများအတွက်ဂှာ ၎င်းတို့အား ကြိုတင်ပြင်ဆင်ပေးဖို့ အထောက်အကူဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်သည်။ ဤစခန်းရှိ ကျောင်းသားများသည် ၎င်းတို့၏ စိတ်ဝင်စားမှုကို ပေါင်းစပ်ရန် ဒီဇိုင်းထုတ်ထားသော ပညာရပ်ဆိုင်ရာ ခေါင်းစဉ်များကို လိုက်စားကြမည်ဖြစ်ပြီး၊ ဝေဖန်ပိုင်းခြားတွေးခေါ်ရန်၊ ပူးပေါင်းဆောင်ရွက်ကာ ၎င်းတို့၏ သင်ယူမှုအကြောင်း ရေးကြရန် စိန်ခေါ်နေပါသည်။ ဆရာများသည် ကျောင်းသားများကို ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုကို မည်သို့ထိန်းချုပ်ရမည်ကို ပြသရန် ကျောင်းသားဗဟိုပြုနည်းလမ်းများကို အသုံးပြုမည်ဖြစ်သည်။ အချိန်စီမံခန့်ခွဲမှုနှင့် လေ့လာမှုစွမ်းရည်များကဲ့သို့ လက်တွေ့ကျသောဗျူဟာများကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **AVTF ရုပ်ရှင်ဖန်တီးသူများ စခန်း**<br>**ပရိသတ်** - ဂရိတ် 9တန်း – 10တန်း တက်ရောက်မည့်သူများ<br>**အစီအစဉ် ရက်စွဲများ** - ဇွန် 2 ရက် – ဇွန် 6 ရက်<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်** Kenyatta Arnette | ဂရိတ် 9တန်း နှင့် 10တန်း တက်ရောက်မည့် ကျောင်းသားများအတွက် ဖလင်ရုပ်ရှင် စခန်း။ ကျောင်းသားများသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်းမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ရုပ်သံထုတ်လွှင့်မှု လုပ်ငန်း နှင့် တိုက်ရိုက် ထုတ်လုပ်ပြသမှုတို့အကြောင်း လေ့လာသင်ယူနိုင်ကြမည် ဖြစ်သည်။ ဤစခန်းတွင် လေ့လာရေးခရီးစဉ်များ၊ ထို့ပြင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်း လက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် လက်ရှိ အင်ဂျင်နီယာများ၊ ဒါရိုက်တာများ နှင့် စီမံလည်ပတ်သူများတို့ထံမှ ညွှန်ကြားပို့ချမှုများ ပါဝင်မည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **BFTS နွေရာသီ ကူးပြောင်းမှု အစီအစဉ် (STP)**<br>**ပရိသတ်** - သူငယ်တန်း တက်ရောက်ကြမည့်သူများ<br>**အစီအစဉ် ရက်စွဲများ** - ဇွန် 4 ရက် – ဇူလိုင် 2 ရက်<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်** - Kim Rhodes/Stephanie Lindstrom | နွေရာသီ ကူးပြောင်းမှု အစီအစဉ် (STP) သည် မိမိတို့၏ ဆရာ၊ဆရာမ သို့မဟုတ် အခြားသော ဒေတာအချက်အလက်များ၏ သတ်မှတ်ချက်အရ ထပ်ဆောင်း ပညာရေးဆိုင်ရာ ပံ့ပိုးမှုများကို လိုအပ်နေဆဲဖြစ်ကြောင်း ဖော်ထုတ်တွေ့ ရှိရသည့် သူငယ်တန်းတက်ရောက်မည့် ကျောင်းသားများအတွက်ဂှာ ရက်ပြည့် အနီးကပ် ပညာရေး အစီအစဉ်တစ်ခု ဖြစ်သည်။ ပိုမိုသေးငယ်သော အတန်း အရွယ်အစား၊ ပစ်မှတ်ထားသော သင်ကြားပို့ချမှု နှင့် လွတ်သွားခဲ့သော GELDS/ကျွမ်းကျင်မှုအရည်အချင်းများ ပြန်လည်သင်ကြားမှု အစရှိသည်တို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ထို့ပြင် မိသားစု၏ ကျန်းမာဖူလုံပြည့်စုံရေး၊ ခိုင်မာသော ဆက်ဆံရေးများ နှင့် စဉ်ဆက်မပြတ် သင်ယူလေ့လာမှုနှင့် ဖွံ့ ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးထောက်ပံ့ပေးသည့် ဆက်ဆံရေးများ တည်ဆောက်နိုင်စေရန်အလို့ဂှာ မိသားစုများနှင့်အတူ လက်တွဲလုပ်ဆောင်သွားရန်အတွက် ဆိုဒ်နေရာတစ်ခုစီလျှင် STP နည်းပြ တစ်ဦးအား ထောက်ပံ့ပေးထားမည် ဖြစ်သည်။ ဤကူးပြောင်းမှုဆိုင်ရာ နည်းပြသည် တစ်ပတ်လျှင် အနည်းဆုံး မိသားစု အလုပ်ရုံဆွေးနွေးပွဲတစ်ခု သို့မဟုတ် ညှိနှိုင်းပါဝင်လှုပ်ရှားမှုတစ်ခုအား ဆောင်ရွက်ပေးသွားရန် လိုအပ်ပါသည်။ သင်ကြားပို့ချမှုဆိုင်ရာ အစီအစဉ်အား မြှင့်တင်ဆောင်ရွက်ဖို့အလို့ဂှာ စောင့်ကြည့်ကြပ်မတ်ပေးသူများနှင့်အတူ နေအိမ်တွင်း နှင့် Atlanta ဒေသခံတစ်ဝှမ်း နှစ်နေရာစလုံးတွင် အပတ်စဉ် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **အချက်အပြုတ် ထရိန်နင်စခန်းမှ စားဖိုမှူးများ**<br>**ပရိသတ်** - ဂရိတ် 7တန်း - 10တန်း တက်ရောက်မည့်သူများ<br>**အစီအစဉ် ရက်စွဲများ** - ဇွန် 2 ရက် – ဇွန် 6 ရက်<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်** Keio Gayden | အစားအသောက် ပြင်ဆင်မှု၊ စီစဉ်လည်ပတ်မှုများ၊ သန့်ရှင်းရေးပိုင်းနှင့် လုံခြုံအန္တရာယ်ကင်းရေး အစရှိသည်တို့အပေါ် ဗဟိုပြုထားသည့် အချက်အပြုတ် စခန်း။ ကျောင်းသားများသည် ဧည့်ခင်းကြိုဆိုမှု နှင့် အစားအသောက် ဝန်ဆောင်မှု လုပ်ငန်းအကြောင်း စူးစမ်းလေ့လာရင်း တစ်ဖက်တွင်လည်း လက်တွေ့ သင်ကြားမှုများတွင် ပါဝင်ကြရမည် ဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက် ဖွင့်လှစ်ထားသည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |

| နွေရာသီ အစီအစဉ် | အစီအစဉ် သတင်းအချက်အလက်များ | စာရင်းသွင်းအပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ |
|---|---|---|
| **အာကာသစခန်း**<br>**ပရိသတ် - ဂရိတ် 3တန်း – 5တန်း တက်ရောက်မည့်သူများ**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 9 – 13 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Janetta Greenwood** | Fernbank Science Center (သိပ္ပံစင်တာ) တွင် ဆောင်ရွက်သည့် အာကာသစခန်းသည် ဂရိတ် 3 တန်း မှ 5 တန်း တက်ရောက်မည့် ကျောင်းသားများအတွက် လက်တွေ့ သိပ္ပံ စူးစမ်းလေ့လာမှု အတွေ့အကြုံများအား ထောက်ပံ့ပေးသည့် ရက်သတ္တပတ်ကြာမြင့်သော လှုပ်ရှားဆောင်ရွက်မှု အခြေပြုသည့် စခန်းတစ်ခု ဖြစ်သည်။ ၎င်းစခန်းသည် အနာဂါတ်တွင် အာကာသအား ဦးဆောင်ကြမည့်သူ ကျောင်းသားများအတွက် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်၊ သင်္ချာ နှင့် နည်းပညာ (STEM) နှင့် အာကာသဗေဒအကြောင်း နားလည်သိရှိစေရန် အထောက်အကူပြုပေးနိုင်သော လှုပ်ရှားဆောင်ရွက်မှုများဖြင့် ပြည့်နှက်နေသည်။ ပို၍အရေးကြီးသည်မှာ၊ ၎င်းသည် ကျောင်းသားများ၏ အံ့ဩမှု၊ စိတ်ကူးဉာဏ်နှင့် တီထွင်ဖန်တီးနိုင်စွမ်းတို့ကို ပြုစုပျိုးထောင်ပေးမည်ဖြစ်သည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **DCSD ဂိမ်းကစားသမားများ**<br>**ပရိသတ် - ဂရိတ် 6တန်း – 8တန်း တက်ရောက်မည့်သူများ**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 2 – 13 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Andrea Wright** | DCSD ဂိမ်းကစားသမားများ လိဂ်သည် ဒီဂျစ်တယ်ကမ္ဘာတစ်ခုတွင် ပညာသင်များ အောင်မြင်မှုရရှိစေဖို့ရန် ပြင်ဆင်ပေးသည့် နည်းပညာများသို့ ကျောင်းသားများ ပိုမို ဝင်ရောက်ရယူနိုင်စေရန်၎င်း အဓိကအာရုံပြုဆောင်ရွက်ထားသော ကနဦးရှေ့ဆောင် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ ဤဂိမ်းပရိုဂရမ်သည် ကျောင်းသားများအား Minecraft Edu ကို အသုံးပြု၍ ကမ္ဘာလုံးဆိုင်ရာ အရည်အချင်းများနှင့် တွက်ချက်မှုဆိုင်ရာ တွေးခေါ်မှုတို့ကို အဓိကအာရုံစိုက်ထား၍ ဆော့ကစားခြင်းဖြင့် သင်ယူရန် အခွင့်အရေးကို ပေးသည်။ ကျောင်းသားများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်ချဉ်းကပ်မှုကို အသုံးပြု၍ ဆန်းသစ်သောဖြေရှင်းချက်တစ်ရပ်ကို ဖော်ဆောင်ရန်အတွက် ကျောင်းသား များသည် Minecraft နှင့် အသိုင်းအဝိုင်းကျွမ်းကျင်သူများထံမှရရှိသော အသိပညာများကို အသုံးပြု၍ ဆွဲဆောင်မှုရှိသော မြင်ကွင်းတစ်ခုဖြင့် တင်ပြထားပါသည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **ဘာသာစကား နှစ်မျိုးအသုံးပြုသည့် နွေရာသီ ပေါင်းကူးတံတား**<br>**ပရိသတ် - K – ဂရိတ် 5တန်း**<br>**အစီအစဉ် ရက်စွဲများ - ဇွန်လ 9 – 17 ရက်၊ နှင့် ဇူလိုင်လ 15 – 17 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Jacob Vuiller** | ကျောင်းသားများသည် မိမိတို့စာသင်ကျောင်းရှိ ဘာသာစကား နှစ်မျိုးအသုံးပြုသည့် အစီအစဉ်မှတစ်ဆင့် မိမိတို့၏ ဘာသာစကား ကျွမ်းကျင်မှုအရည်အချင်းများအပေါ်တွင် အာရုံစိုက်ဆောင်ရွက်နိုင်မည့် အခွင့်အရေးကို ရရှိကြမည် ဖြစ်သည်။ ကျောင်းသားများသည် ယဉ်ကျေးမှုအပါအဝင် လှုပ်ရှားဆောင်ရွက်မှု အမျိုးမျိုးတွင် ပါဝင်ကြရမည် ဖြစ်သည်။ ဤစခန်းသည် ဘာသာစကား နှစ်မျိုးအသုံးပြုသည့် အစီအစဉ်အတွင်း လက်ရှိ စာရင်းသွင်းအပ်နှံထားသော ကျောင်းသားများအတွက်သာလျှင် ဖွင့်လှစ်ပေးထားမည် ဖြစ်သည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **ဖက်ရှင် စတူဒီရို/ အခန်းတွင်းဒီဇိုင်းပညာ စခန်း**<br>**ပရိသတ် - ဂရိတ် 7တန်း – 10တန်း တက်ရောက်မည့်သူများ**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 2 ရက် – ဇွန် 6 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် Keio Gayden** | DSCD ဖက်ရှင်စတူဒီရို ဒီဇိုင်းပညာ စခန်းသည် ကျောင်းသားများအား ဖက်ရှင်နှင့် အခန်းတွင်းဒီဇိုင်းပညာဆိုင်ရာ လုပ်ငန်းနယ်ပယ်များဖြင့် မိတ်ဆက်ပေးသည်။ ပါဝင်သူများသည် အခြေခံ အပ်ချုပ်နည်းပညာများ၊ ဒီဇိုင်း အစိတ်အပိုင်းများ နှင့် အပ်ချုပ်စက် အသုံးပြုပုံနည်းလမ်းများတို့ကို သင်ယူကြရမည် ဖြစ်သည်။ လက်တွေ့ သင်ကြားပို့ချမှုများမှတစ်ဆင့် ကျောင်းသားများသည် အချောသတ် ဒီဇိုင်း ပရောဂျက်တစ်ခုအား ဆောင်ရွက်၍ စခန်းအား ပြီးမြောက်ဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **FLEX နွေရာသီ ခရစ်ဒစ် ပြန်လည်ရယူမှု**<br>**ပရိသတ် - ဂရိတ် 9တန်း – 12တန်း ကျောင်းသားများ**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 4 ရက် – ဇွန် 26 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Keatra Wright နှင့် Monica Cates** | FLEX Academy သည် ကျောင်းသားများအား ယခင်က ကြိုးစားခဲ့သည့် အထက်တန်းကျောင်း သင်တန်းများတွင် ခရက်ဒစ်ပြန်လည်ရယူရန် အခွင့်အရေးပေးပါသည်။ သင်ရိုး သင်တန်းများသည် DCSD CAAGs များအတိုင်းဖြစ်သည်။ ကျောင်းသားများသည် Flex ဆရာများနှင့်အတူ တစ်ပြိုင်တည်း နှင့် တပြိုင်နက်တည်း ဆွေးနွေးပွဲများကို တက်ရောက်ပါမည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **FLEX နွေရာသီ စာသင်ကျောင်း**<br>**ပရိသတ် - 2024 အုပ်စု**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 4 ရက် – ဇွန် 26 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Keatra Wright နှင့် Monica** | FLEX Academy သည် ကျောင်းသားများအား အထက်တန်းကျောင်း ဘာသာရပ်သင်တန်းများအတွက် ကနဦးခရက်ဒစ်ရရှိရန် အခွင့်အရေးပေးပါသည်။ သင်ရိုး သင်တန်းများသည် DCSD CAAGs များအတိုင်းဖြစ်သည်။ ကျောင်းသားများသည် Flex ဆရာများနှင့်အတူ တစ်ပြိုင်တည်း နှင့် တပြိုင်နက်တည်း ဆွေးနွေးပွဲများကို တက်ရောက်ပါမည်။ | ခရိုင် နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |

| Cates | | |
|---|---|---|
| **စုံစမ်းစစ်ဆေးမှုဆိုင်ရာ သိပ္ပံစခန်း**<br>**ပရိသတ် - ဂရိတ် 1တန်း – 6တန်း ကျောင်းသားများ**<br>**အစီအစဉ် ရက်စွဲများ - ဇွန် 9 ရက် – ဇွန် 13 ရက်**<br>**အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် Jacqueline Stephens/Kassidy Moore** | ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာနှင့် မှုခင်းဆေးပညာဆိုင်ရာ သိပ္ပံပညာ၏ ရှုပ်ထွေးပြီး စေ့စပ်သေချာသော ကမ္ဘာသို့ တစ်ပတ်ကြာ သင်တန်းဖြစ်သည်။ ကျောင်းသားများသည် အပူအသွင်ပြောင်းခြင်း၊ ဇီဝဗေဒ၊ ဓာတုဗေဒ၊ မီးနှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများစသည့် လက်တွေ့ကမ္ဘာစုံစမ်းစစ်ဆေးခြင်း၏ အခြေခံများကို လက်ဆင့်ကမ်း လေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ ဤနွေရာသီစခန်းသွင်းအတွေ့အကြုံသည် သင်တန်းသားများအား အသက်မွေးဝမ်းကြောင်းလမ်းကြောင်းအမျိုးမျိုးတစ်လျှောက်တွင် အမျိုးမျိုးသော သိပ္ပံအယူအဆများကို မည်ကဲ့သို့အသုံးချကြောင်းကို ပိုမိုနားလည်လာစေသည်။  ထို့အပြင် စခန်းချသူများသည် နယ်ပယ်တွင် အလုပ်လုပ်နေသော ကျွမ်းကျင် ပညာရှင်များနှင့် တွေ့ဆုံပြီး မီးနှင့် အရေးပေါ်ဝန်ဆောင်မှုများ၊ မှုခင်းဆေးပညာနှင့် ဥပဒေစိုးမိုးရေးဝန်ဆောင်မှုများနှင့် ဆက်စပ်သော အသက်မွေးဝမ်းကြောင်းလမ်းကြောင်းများအကြောင်း ပိုမိုလေ့လာနိုင်မည်ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |

| နွေရာသီ အစီအစဉ် | အစီအစဉ် သတင်းအချက်အလက်များ | စာရင်းသွင်းအပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ |
|---|---|---|
| **Microsoft နှင့်အတူ အံ့သြစိတ်လှုပ်ရှားဖွယ်ရာ အခိုက်အတန့်များ**<br>ပရိသတ် - ဂရိတ် 2တန်း – 8တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ ဇွန်လ 9 -13 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Terri Webb | Microsoft နှင့် Magical Moments ၏ ရည်ရွယ်ချက်မှာ အတန်း 2-8 တန်း အတွက် ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ်အိပ်မက်မက်သူများနှင့် ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ်ကိရိယာများအကြောင်း အသိပညာကို မိတ်ဆက်ပေးရန်နှင့် ချဲ့ထွင်ရန်ဖြစ်ပါသည်။ ဤပရိုဂရမ်သည် Microsoft ၏အဓိကအင်္ဂါရပ်များကို cloud-based ကိရိယာ တစ်ခုအဖြစ်အသုံးပြုရန်အာရုံစိုက်မည်ဖြစ်သည်။ ကျောင်းသားများသည် Microsoft အတွင်းမှ ဖန်တီးမှု ကိရိယာများအား အသုံးပြု၍ အကောင်းဆုံး လေ့ကျင့်ကြရမည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **Marine Mavericks (ပင်လယ် စွန့်စားသူများ) - The Ultimate Aquaquest Adventure (အလုံးစုံသော ပင်လယ်အောင်နိုင်သူ စွန့်စားခရီးစဉ်)**<br>ပရိသတ် - ဂရိတ် 3တန်း – 8တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန်လ 2-6 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Janetta Greenwood | Marine Mavericks (ပင်လယ် စွန့်စားသူများ) - Ultimate Aquaquest Adventure (အလုံးစုံသော ပင်လယ်အောင်နိုင်သူ စွန့်စားခရီးစဉ်) သည် Fernbank Science Center သိပ္ပံစင်တာ နှင့် Georgia Aquarium, Inc. တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ထားသည့် ရက်သတ္တပတ်ကြာမြင့်သော သိပ္ပံနှင့် အင်ဂျင်နီယာ စခန်းတစ်ခု ဖြစ်သည်။ ကျောင်းသားများသည် Fernbank သိပ္ပံစင်တာ နှင့် Georgia ငါးပြတိုက်တို့တွင် ဆောင်ရွက်မည့် လက်တွေ့စမ်းသပ် သင်ယူလေ့လာမှုများမှတစ်ဆင့် ပင်လယ်နက် စူးစမ်းလေ့လာမှု၊ ဇီဝမျိုးစိတ်ကွဲများ၊ ဥတုအခြေအနေအပေါ် ကြံ့ ကြံ့ခံနိုင်စွမ်းနှင့် ရေရှည်ခံဆောင်နိုင်စွမ်း အလေ့အကျင့်များ အစရှိသည်တို့အပါအဝင် ပင်လယ်သိပ္ပံ ရှုထောင့်အမျိုးမျိုးကို စူးစမ်းလေ့လာကြရမည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **My Brother's Keeper (MBK)**<br>ပရိသတ် - ဂရိတ် 5တန်း – 10တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 16 – 19 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Jeremy Fuller | MBK နွေရာသီအစီအစဉ်သည် လေးရက်ကြာမြင့်သော နွေရာသီ ကနဦးအစပြုဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖြစ်ပြီး၊ ခိုင်မာသော ဆက်ဆံရေးများအား ပျိုးထောင်ပေးရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သတိပြုသိရှိမှု၊ တာဝန်ယူလိုစိတ်ရှိသော ဆုံးဖြတ်ချက်ချမှတ်မှု၊ မိမိကိုယ်ကို စီမံခန့်ခွဲမှု၊ လူမှုရေးဆိုင်ရာ သတိပြုသိရှိမှု နှင့် ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများ အစရှိသည်တို့နှင့်ပတ်သက်သော စက်ရှင်များကို ပုံဖော်ဖန်တီးထားသည့် SEL အခြေခံဘောင်အား အသုံးပြုသည်။ ဤအစီအစဉ်တွင် ပါဝင်သူများအနေနှင့် လူဦးရေထူထပ်သော ဧရိယာအတွင်းရှိ ကောလိပ်ကျောင်း နယ်မြေတစ်ခုအတွင်း လှည့်ပတ်လေ့လာကြည့်ရှုနိုင်မည့် ကောလိပ်ကျောင်း လည်ပတ်လေ့လာမှု တစ်ခု ပါဝင်မည် ဖြစ်သည့်အပြင် စာသင်ကျောင်း ဝန်ထမ်းနှင့် ကျောင်းသားများတို့နှင့်အတူ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုပြုကြရမည် ဖြစ်သည်။ ထို့ပြင် ကျောင်းသားများတွက် အသိဉာဏ်ပညာ ကြွယ်ဝစေရန် ကမ်းလှမ်းထောက်ပံ့ပေးဖို့ ရောက်ရှိလာကြသော ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများနှင့် ဧည့်သည် မိန့်ခွန်းပြောဆိုသူများအား ဧည့်ခင်းဧည့်ခံမှု အစီအစဉ်တစ်ခုလည်း ပါဝင်မည် ဖြစ်သည်။ ဤအစီအစဉ်သည် MBK ချန်ပီယံခါးပတ်အား နေအိမ်သို့ မိမိတို့၏အုပ်စုအဖွဲ့ မှ သယ်ဆောင်သွားနိုင်စေဖို့ရန်ဟု မျှော်လင့်ချက်များနှင့်အတူ ပြိုင်ပွဲ လှုပ်ရှားဆောင်ရွက်မှုများတွင် ကျောင်းသားများ ပါဝင်ကြရသည့် MBK အိုလမ်ပစ်နှင့်အတူ အဆုံးသတ်မည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **My Sister's Keeper (OSK)**<br>ပရိသတ် - ဂရိတ် 3တန်း – 10တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 9 – 13 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် Mychael Holmes | OSK နွေရာသီအစီအစဉ်သည် လေးရက်ကြာမြင့်သော နွေရာသီ ကနဦးအစပြုဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖြစ်ပြီး၊ ခိုင်မာသော ဆက်ဆံရေးများအား ပျိုးထောင်ပေးရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သတိပြုသိရှိမှု၊ တာဝန်ယူလိုစိတ်ရှိသော ဆုံးဖြတ်ချက်ချမှတ်မှု၊ မိမိကိုယ်ကို စီမံခန့်ခွဲမှု၊ လူမှုရေးဆိုင်ရာ သတိပြုသိရှိမှု နှင့် ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများ အစရှိသည်တို့နှင့်ပတ်သက်သော စက်ရှင်များကို ပုံဖော်ဖန်တီးထားသည့် SEL အခြေခံဘောင်အား အသုံးပြုသည်။ ဤအစီအစဉ်တွင် ပါဝင်သူများအနေနှင့် လူဦးရေထူထပ်သော ဧရိယာအတွင်းရှိ ကောလိပ်ကျောင်း နယ်မြေတစ်ခုအတွင်း လှည့်ပတ်လေ့လာကြည့်ရှုနိုင်မည့် ကောလိပ်ကျောင်း လည်ပတ်လေ့လာမှု တစ်ခု ပါဝင်မည် ဖြစ်သည့်အပြင် စာသင်ကျောင်း ဝန်ထမ်းနှင့် ကျောင်းသားများတို့နှင့်အတူ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုပြုကြရမည် ဖြစ်သည်။ ထို့ပြင် ကျောင်းသားများတွက် အသိဉာဏ်ပညာ ကြွယ်ဝစေရန် ကမ်းလှမ်းထောက်ပံ့ပေးဖို့ ရောက်ရှိလာကြသော ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများနှင့် ဧည့်သည် မိန့်ခွန်းပြောဆိုသူများအား ဧည့်ခင်းဧည့်ခံမှု အစီအစဉ်တစ်ခုလည်း ပါဝင်မည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **NFTE စီးပွားရေးလုပ်ငန်း စခန်း**<br>ပရိသတ် - ဂရိတ် 7တန်း – 9တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန်လ 2 ရက် - ဇွန်လ 6 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Marilynn Hollis | ဤနွေရာသီစခန်းသည် NFTE (သင်ကြားမှုပိုင်းဆိုင်ရာ စွန့်ဦးတီထွင်မှု ကွန်ယက်) ၏ ဆုရရှိထားသော သင်ရိုးညွှန်းတမ်းအား ပို့ချပေးသည်ဖြစ်ရာ ကျောင်းသားများအား စွန့်ဦးတီထွင်မှုနှင့်ပတ်သက်သော အခြေခံများအကြောင်းအရာများကို လေ့လာသင်ယူစေ၍ မူရင်း စီးပွားရေးလုပ်ငန်း အတွေ့အကြုံများ ဖန်တီးဆောင်ရွက်နိုင်စေဖို့ ဆောင်ရွက်ပေးလျက်ရှိစဉ်တွင် တစ်ဖက်၌လည်း ကျောင်းသားများ၏ စွန့်ဦးတီထွင်မှုဆိုင်ရာ တွေးခေါ်မှုများကို လှုံ့ဆော်ပေးသည်။ BizCamp (စီးပွားရေးလုပ်ငန်းစခန်း) ၏ လိုအပ်သလိုချိန်ညှိပြင်ဆင်နိုင်သော ဖွဲ့စည်းပုံသည် ကျောင်းပြင်ပနှင့် အတန်းတွင် ဆက်တင်အပြင်အဆင် နှစ်မျိုးစလုံးအတွက် စံပြအခြေအနေတစ်ရပ်ကို ပြုလုပ်ပေးသည်။ နိဂုံးချုပ်ဆိုရလျှင် ကျောင်းသားများသည် စီးပွားရေးလုပ်ငန်း စီမံကိန်း တင်ပြမှု ပြိုင်ပွဲတစ်ခုတွင် ပါဝင်၊ ဖန်တီးကြရမည် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |

| နွေရာသီ အစီအစဉ် | အစီအစဉ် သတင်းအချက်အလက်များ | စာရင်းသွင်းအပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ |
|---|---|---|
| **စာဖတ်စွမ်းရည် စိန်ခေါ်မှု**<br>ပရိသတ် - ဂရိတ် 4တန်း – 8တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 16 ရက် – ဇွန် 27 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Lummie Baker | စာဖတ်စွမ်းရည် စိန်ခေါ်မှု နွေရာသီအစီအစဉ်သည် DeKalb ကောင်တီကျောင်းခရိုင်အတွင်းမှ စာသင်ကျောင်း တစ်ကျောင်းတွင် လက်ရှိ တက်ရောက်နေသော ဂရိတ် 4တန်း-8တန်း တက်ရောက်မည့် ကျောင်းသားများအတွက် ကမ်းလှမ်းထောက်ပံ့ပေးထားသော အစီအစဉ် ဖြစ်သည်။ စာဖတ်စွမ်းရည် စိန်ခေါ်မှု နွေရာသီ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအား စိတ်ကျေနပ်ပျော်ရွှင်မှုအတွက်ဗှာ စာဖတ်ရှုဖို့ တိုက်တွန်းနှိုးဆော်ပေးရန် နှင့် စာဖတ်သူများ အသိုင်းအဝိုင်းတစ်ခုအတွင်း ညှိနှိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ ဖတ်ရှုသည့် အကြောင်းအရာများကို မျှဝေပေးနိုင်ရန် ဖြစ်သည်။ ကျောင်းသားများသည် နေ့စဉ်အကြောင်းအရာအလိုက် စာဖတ်ခြင်း စိန်ခေါ်မှုများတွင် ပါဝင်မည်ဖြစ်ပြီး Beanstack ကို စောင့်ကြည့်ရေးစနစ်အဖြစ်နှင့် Beanstack Badge Book ပရိုဂရမ်လမ်းညွှန်အဖြစ် အသုံးပြုမည်ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **စက်ရုပ်စခန်း**<br>ပရိသတ် - ဂရိတ် 8တန်း – 12တန်း ကျောင်းသားများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 2 ရက် – ဇွန် 6 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Eric Knapp | VEX စက်ရုပ်စခန်းသည် အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအတွက် ဒီဇိုင်းရေးဆွဲထားသော စိတ်လှုပ်ရှားဖွယ် ငါးရက်တာ ပညာရေး အစီအစဉ်တစ်ခု ဖြစ်သည်။ ဤတိုးမြှင့်မှုအတွေ့အကြုံတွင် ပါဝင်သူများသည် စက်ရုပ်လောကကို စူးစမ်း လေ့လာခြင်း၊ VEX Robotics kits နှင့် လက်တွေ့အတွေ့အကြုံများရရှိခြင်း၊ ပျော်ရွှင်စရာနှင့် စိန်ခေါ်မှုများစွာရှိသော လှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲကြသည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **ပညာသင်ရင်း ပျော်ရွှင်ဖွယ်ရာအစီအစဉ်**<br>ပရိသတ် - ဂရိတ် 1တန်း – 6တန်း ကျောင်းသားများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 9 ရက် – ဇွန် 13 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် Donyell Atkinson | ပညာသင်ရင်းပျော်ရွှင်ဖွယ်ရာ အစီအစဉ် (Serendipity) သည် မူလတန်းနှင့် အလယ်တန်းကျောင်းသားများအတွက် ရိုးရာအစဉ်အလာ အတန်း အချိန်စာရင်းများထက် ကျော်လွန်သည့် အားသစ်လောင်း လက်တွေ့ အခွင့်အလမ်းတစ်ခုအား ထောက်ပံ့ပေးသည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **S.T.A.R.S**<br>ပရိသတ် - ဂရိတ် 10တန်း – 11တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန်လ 16- 18 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Janetta Greenwood နှင့် Jannah Maharaj | STARS ဆိုသည်မှာ သိပ္ပံဘာသာရပ်တွင် လက်တွေ့ဆောင်ရွက်မှုနှင့် သုတေသနပြုမှုတို့မှတစ်ဆင့် ကျောင်းသားများအား DCSD အထက်တန်းကျောင်းများတွင် သိပ္ပံပညာရပ် ခေါင်းဆောင်များအဖြစ် ပျိုးထောင်ပေးဖို့ရန် ရည်ရွယ်သော စခန်းတစ်ခု ဖြစ်သည်။ စာသင်ကျောင်း တစ်ကျောင်းလျှင် သိပ္ပံခေါင်းဆောင် နှစ်ဦးစီအား ရွေးချယ်၍ နွေရာသီစခန်းတွင် ပါဝင်စေမည် ဖြစ်သည်၊ ဤသို့အားဖြင့် သိပ္ပံဆိုင်ရာ သက်မွေးဝမ်းကျောင်းများ၊ ခေါင်းဆောင်မှုအပိုင်း နှင့် ပူးပေါင်းဆောင်ရွက်မှုတို့အကြောင်း ၎င်းတို့ ပိုမို သတိပြုသိရှိလာစေရန် ရည်ရွယ်သည်။ ကျောင်းသားများသည် နောက်လာမည့် ပညာရေးနှစ်တွင် မိမိတို့၏ စာသင်ကျောင်း၌ သိပ္ပံဆိုင်ရာ သံအမတ်အဖြစ် လျှောက်ထားနိုင်မည့် သော့ချက်ကျသော ကျွမ်းကျင်မှုအရည်အချင်းများကို တိုးတက်ရရှိလာကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ အတန်းဖော် ကျောင်းသားများအား သိပ္ပံ နယ်ပယ်အတွင်း ပါဝင်ဆောင်ရွက်မှုပြုဖို့ရန် စိတ်ဓာတ်ခွန်အားပေး၊ နှိုးဆော်နိုင်ဖို့ ရည်ရွယ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **နွေရာသီ ကုဒ် အစီအစဉ် ကျောင်းသားများ**<br>ပရိသတ် - ဂရိတ် 9တန်း – 12တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ -<br>• စက်ရှင် 1 – ဇူလိုင်လ 7 ရက် – ဇူလိုင်လ 18 ရက်၊<br>• စက်ရှင် 2 – ဇူလိုင်လ 28 ရက် – ဩဂုတ်လ 8 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Harold Washington | 2-ပတ်တာ နွေရာသီ ပါဝင်မှု အစီအစဉ် (SIP) သည် ဂရိတ် 9 - 12 တန်း ကျောင်းသားများအတွက် ပစ်မှတ်ထား ဆောင်ရွက်ထားခြင်း ဖြစ်ပြီး၊ ၎င်းတို့သည် တိုက်ရိုက် ဗာကျူရယ် အတန်းများတွင် တက်ရောက်ကြရမည် ဖြစ်သည်။ အတန်းများသည် စတင်သူမှ အလယ်အလတ်အထိ CS ယူဆချက်များ၊ ထပ်တလဲလဲ ဒီဇိုင်းဆွဲခြင်းလုပ်ငန်းစဉ်၊ UX ဒီဇိုင်းအခြေခံများနှင့် ကျောင်းသား များအား နည်းပညာလုပ်ငန်းနှင့် မိတ်ဆက်ပေးခြင်း တို့ကို အဓိကထား သင်ကြားမည်ဖြစ်ပါသည်။<br><br>6 ပတ်ကြာ ကိုယ်ပိုင်အချိန်ဇယားဖြင့် ကိုယ်တိုင်လေ့လာခြင်း (Self-Paced Program) သည် 9-12 တန်းအထိ မိန်းကလေးများ အတွက် ရည်ရွယ်ထားပြီး ၎င်းတို့သည် HTML၊ CSS၊ JavaScript သို့မဟုတ် Python ၏ အလယ်အလတ် အပလီကေးရှင်းများတွင် ဆိုက်ဘာလုံခြုံရေးကို အဓိကထား၍ စူးစမ်းလေ့လာ နိုင်ပါသည်။ ကျောင်းသားများသည် အပတ်စဉ် တိုက်ရိုက် အကြံပေးဆွေးနွေးမှုများနှင့် လှုပ်ရှားမှုများကို တက်ရောက်ရန် အခွင့်အလမ်းရရှိနေချိန်တွင် ၎င်းတို့၏ ကိုယ်ပိုင်အချိန်ဇယားဖြင့် ကိုယ်တိုင်လေ့လာသင်ယူခြင်းကို ပြုလုပ်ပါသည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |

| နွေရာသီ အစီအစဉ် | အစီအစဉ် သတင်းအချက်အလက်များ | စာရင်းသွင်းအပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ |
|---|---|---|
| **Legacy Program (ဆက်ခံမှုအစီအစဉ်)**<br>ပရိသတ် - ဂရိတ် 6တန်း – 8တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 2 ရက် – ဇွန် 5 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Chief Tracy Whaley | LEGACY PROGRAM အစီအစဉ်သည် ပျော်ရွှင်ဖို့ကောင်းပြီး၊ အသိပညာကြွယ်ဝစေမည်ဖြစ်ကာ ဉာဏ်ပညာအလင်းပေးနိုင်သော အစီအစဉ်တစ်ခု ဖြစ်ပြီး၊ ပါဝင်သူများအား STEM လုပ်ရှားဆောင်ရွက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ ရပ်ရွာအဖွဲ့အစည်း ဝန်ဆောင်မှုများနှင့် နှင့် နောက်ထပ် အရာများစွာတို့မှတစ်ဆင့် အောင်မြင်မှုရရှိစေဖို့ဉာ ရွေးချယ်စရာများ ပိုမို ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ LEGACY PROGRAM သည် ၎င်း၏ပါဝင်သူများကို - REAL WORLD FIT ဖြစ်စေရန် လမ်းကြောင်းတစ်ခုဆီသို့ လမ်းညွှန်ပေးမည်ဖြစ်သည်။ လူတိုင်းသည် အမွေအနှစ်တစ်ခု ချန်ထားခဲ့မည်ဟု ကျွန်ုပ်တို့ခံစားရသည်၊ ထို့ကြောင့် ၎င်းကို အဘယ်ကြောင့် ကောင်းအောင်မလုပ်သင့်ပါသနည်း။ အလယ်တန်းကျောင်းသားများအတွက် ရဲတပ်ဖွဲ့ လမ်းညွှန်မှု အစီအစဉ်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **ခေါင်းစဉ် I နွေရာသီ စာပေစခန်း**<br>ပရိသတ် - ဂရိတ် 1တန်း – 3တန်း တက်ရောက်မည့်သူများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 16 ရက် – ဇွန် 27 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် Myisha Warren | စာတတ်မြောက်ရေးစခန်းပုံစံသည် စာတတ်မြောက်ကျွမ်းကျင်မှု (ကျွမ်းကျင်မှု၊ နားလည်မှု၊ ခွဲခြမ်းစိတ်ဖြာမှု)သာမက ထိတွေ့ဆက်ဆံမှုစွမ်းရည်ကိုပါ ထည့်သွင်းရန် ဒီဇိုင်းထုတ်ထားသည်။ ကျောင်းသားများသည် virtual read-louds နှင့် သီးခြားစာဖတ်ချိန်တို့ပါဝင်သည့် အမျိုးမျိုးသော စာဖတ်အခွင့်အလမ်းများကို ထိတွေ့ခွင့် ရရှိမည်ဖြစ်ပါသည်။ ကျောင်းသားတိုင်းသည် အရည်အသွေးမြင့် ရသစာပေနှင့် ဝတ္ထုမဟုတ်သော စာပေများကို ဖတ်ရှုခွင့်ရရှိနိုင်မည်ဖြစ်သည်။ ပျော်ရွှင်ဖွယ်ရာများနှင့် ပြည့်နှက်နေသော ဤစခန်းသည် 2024-2025 ကျောင်းပညာသင်နှစ်အတွင်း သူငယ်တန်း၊ ပထမတန်း နှင့် ဒုတိယတန်း ဂရိတ်များတွင် စာရင်းသွင်းအပ်နှံခဲ့သော ကျွန်ုပ်တို့၏ ကျောင်းသားများအတွက် ဖြစ်သည်။ | ခရိုင်<br>နွေရာသီဝက်ဘ်ဆိုဒ်ပေါ်တွင် |
| **ခေါင်းစဉ် III EL နွေရာသီ အားသစ်လောင်းဖြည့်တင်းမှု**<br>ပရိသတ် - ဂရိတ် 1တန်း – 12တန်း ကျောင်းသားများ<br>အစီအစဉ် ရက်စွဲများ - ဇွန် 4 ရက် – ဇွန် 30 ရက်<br>အစီအစဉ်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ် - Evelyn Hall ၊ Daniella Bass ၊ Chanda Austin ၊ Heather Lieberman | ခေါင်းစဉ် III EL နွေရာသီ အားသစ်လောင်းဖြည့်တင်းမှု အစီအစဉ်၏ ရည်ရွယ်ချက်မှာ ဘာသာရပ် ဧရိယာများ အားလုံးတွင် အောင်မြင်မှုရရှိဖို့ဉာ လိုအပ်သည့် ပညာရပ် ဘာသာစကား အသုံးအနှုန်းများ ဖွံ့ဖြိုး တိုးတက်လာစေဖို့ရန်ဉာ ဂရိတ် 1-12 တန်းအတွင်းရှိ အင်္ဂလိပ်စာ သင်ယူလေ့လာသူများအတွက် တိုးချဲ့ထားသောနစ် အခွင့်အလမ်းတစ်ခုအား ထောက်ပံ့ပေးအပ်ပြီး၊ စာဖတ်စွမ်းရည်၊ သင်္ချာဘာသာရပ် နှင့် သိပ္ပံ ပညာရပ် ဘာသာစကား အသုံးအနှုန်းများအပေါ် အထူး အဓိကအာရုံစိုက် ဆောင်ရွက်ထားသည်။ ကျောင်းသားများသည် ယဉ်ကျေးမှုဆိုင်ရာ ထွေပြားမှုများကို ရှာဖွေဖော်ထုတ်သည့် လက်ဆင့်ကမ်းလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ နွေရာသီပရိုဂရမ်သည် ဘာသာစကားကျွမ်းကျင်မှုအဆင့်သို့ ရောက်ရှိလာသော လက်ရှိ အင်္ဂလိပ်စာ လေ့လာသင်ယူသူများအတွက် ရည်ရွယ်ပါသည်။ | ဒေသခံ စာသင်ကျောင်းတွင် |